**ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၂၀.၉.၂၀၁၈) ရက်နေ့တွင် မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဦးစိုင်းနောင့် တင်သွင်းသည့် အဆိုဆိုင်ရာဆောင်ရွက်ချက်များ**

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၂)ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြပည်နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်များကို ပြည်သူလူထု မနစ်နာစေရေးအတွက် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းနောင့်က အဆိုတင်သွင်းဖို့ ဖြစ်ပါ တယ်။

**ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** မင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ ကြွရောက် လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီး များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာသူများ ကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်ရဲ့ ဆောင်ပုဒ်အတိုင်း **"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"** ဆိုတဲ့အတိုင်း ပြည်သူလူထုအတွက် **"ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်များကို ပြည်သူလူထုမနစ်နာစေရေးအတွက် အခြားနည်းလမ်း တစ်ရပ်ရပ် ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရ အား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤအဆိုကိုတင်သွင်းရခြင်း အကြောင်းမှာ ရှမ်းပြည်နယ်အတွင်းလိုင်စင်မဲ့မော်တော်ယာဉ်များကို ဥပဒေအရ အရေးယူမည် ဟု ပြည်သူလူထုများကြား ရတ်ရတ်သဲသဲသတင်းအမျိုးမျိုးနှင့် အင်တာနက်လူမှု ကွန်ယက်မှ သတင်းအမျိုးမျိုးကြောင့် ပြည်သူလူထုများ ထိတ်လန့်စိုးရိမ်မှုဖြစ်နေရပါသဖြင့် ရှမ်းပြည်နယ် အစိုးရမှ ၎င်းလိုင်စင်မဲ့မော်တော်ယာဉ်များကို ဒေသအတွင်းသွားလာနိုင်ရေးအတွက် အခြား

နည်းလမ်းတစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရ အား တိုက်တွန်းကြောင်းအဆိုကို တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်များ ပေါများစွာဝင်ရောက်လာရခြင်းမှာ ပြည်သူလူထု၏ အမှားမဟုတ် ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ခေတ်အဆက်ဆက်အစိုးရ၏ နယ်စပ်ဒေသ တရားဥပဒေ စိုးမိုးမှုအားနည်းခြင်းကြောင့် လိုင်စင်မဲ့မော်တော်ယာဉ်များ တစ်နေ့တစ်ခြား များပြားလာခဲ့ရ ပြီး တရားမဝင်ကူးသန်းရောင်းဝယ်မှုများ၊ အဂတိလိုက်စားမှုများ၊ ပိုင်ရှင်မဲ့ယာဉ်များနှင့် မလိုလားအပ်သော ပြဿနာများဖြစ်လာပြီး နိုင်ငံတော်၏တရားဥပဒေ စိုးမိုးမှုများ ထိပါးလာ ခဲ့ရသည်မှာ ယနေ့တိုင် မြင်တွေ့နေရပါတယ်။

လွန်ခဲ့သော ၂၀၀၅ ခုနှစ် တပ်မတော်အစိုးရလက်ထက်တွင် တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် လိုင်စင်မဲ့မော်တော်ယာဉ်များကို သိမ်းဆည်းခဲ့ရာ လိုင်စင်မဲ့မော်တော်ယာဉ်များ သိသိသာသာလျော့နည်းသွားသော်လည်း ပြည်သူလူထုများမှာ များစွာနစ်နာဆုံးရှုံးရပြီး ဖြစ် သည်ကို အားလုံးအသိပင် ဖြစ်ပါတယ်။

၎င်းနောက်ပိုင်းတွင် လိုင်စင်မဲ့မော်တော်ယာဉ်များ ပေါများစွာ ထပ်မံဝင်ရောက်လာ ကာ ဝင်ငွေနည်းသော ပြည်သူလူထုများအတွက် ဈေးနှုန်းချိုသာစွာ ဝယ်ယူရခြင်းနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင်လည်းကောင်း၊ ကလေးကျောင်းပို့/ ကျောင်းကြိုရာတွင်လည်းကောင်း၊ သာရေး / နာရေးကူညီမှုများ ဆောင်ရွက်ရာတွင် လည်း ကောင်း များစွာအသုံးတည့်သည့်အတွက်ကြောင့် ပြည်သူလူထုလက်ဝယ်သို့ ရောက်လာ ခဲ့ရသည်ကို လေ့လာကြားသိရှိရပါတယ်။

ပြည်သူလူထု လက်ဝယ်အတွင်းသို့ လိုင်စင်မဲ့မော်တော်ယာဉ်များကို ဖမ်းဆီးသိမ်း ဆည်းခြင်းများ ပြုလုပ်မည်ဆိုပါက ပြည်သူလူထုများ၏ သွားလာနေထိုင်မှု ဖွံ့ဖြိုးရေးကို သွယ်ဝိုက်သောနည်းအားဖြင့် ဖျက်ဆီးနေသကဲ့သို့ဖြစ်ပြီး နောက်ထပ်တစ်ကြိမ် နစ်နာဆုံးရှုံးမှု ဖြစ်လာမည်ကို ထိတ်လန့်စိုးရိမ်စွာ ဖြစ်နေရသော ပြည်သူလူထုများကိုယ်စား တင်ပြလိုပါ တယ်။

မည်သည့်မိဘမှ သား / သမီးများကို စိုးရိမ်ထိတ်လန့်ခြင်း၊ ဒုက္ခဆင်းရဲခြင်းများ ရင်ဆိုင်ကြုံတွေ့နေရသည်ကို မလိုလားသလို ရှမ်းပြည်နယ်အစိုးရမှာလည်း ရှမ်းပြည်နယ်

ပြည်သူလူထုများ ကြုံတွေ့နေရသော ထိတ်လန့်စိုးရိမ်မှုများကိုလည်း လိုလားလိမ့်မည် မဟုတ်ဟု ယုံကြည်မိပါတယ်။

သို့ဖြစ်ပါသောကြောင့် ရှမ်းပြည်နယ်အတွင်း ပြည်သူလူထုများလက်ဝယ်အတွင်းရှိ လိုင်စင်မဲ့မော်တော်ယာဉ်များကို သင့်တင့်မျှတသော အခွန်စျေးနှုန်းဖြင့် ပြည်တွင်းသွားလာခွင့်ဒေသလိုင်စင်များ သို့မဟုတ် ယာဉ်များကို မှတ်ပုံတင်ပြုလုပ်ဆောင်ရွက်ပေးမည်ဆိုပါက ပြည်နယ်အခွန်ဘဏ္ဍာပိုမိုရရှိသည့်အပြင် ပြည်သူလူထုမှ အကျိုးစီးပွားနှင့် သွားလာနေထိုင်မှုဖွံ့ဖြိုးရေးကို ကူညီကာကွယ်ပေးယုံတင်မက တရားမဝင်ကူးသန်းရောင်းဝယ်မှုများ၊ အဂတိလိုက်စားမှုများ၊ ဒုစရိုက်မှုများ၊ ပိုင်ရှင်မဲ့ယာဉ်များ၊ မလိုလားအပ်သော ပြဿနာများ ထိန်းချုပ်နိုင်မည်ဖြစ်ပြီး တရားဥပဒေစိုးမိုးမှု ပိုမိုအားကောင်းလာမည်ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂) တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ လုပ်ပိုင်ခွင့်များအတွင်း မပါရှိသော်လည်း ရှမ်းပြည်နယ်အတွင်း ပြည်သူလူထု၏ လိုအပ်ချက်များကို ပြည်ထောင်စုသို့ တင်ပြရန်အတွက် ဇယား(၂)မှာ တားမြစ်ထားခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို ပြည်သူလူထုမနစ်နာစေရန်နှင့် ဒေသအတွင်းအသုံးပြုသွားလာနိုင်ရေးအတွက် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးကို ပြည်ထောင်စုအစိုးရသို့တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်အတွင်း တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုင်းစံထွန်း၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ၂၀-၉-၂၀၁၈ ရက်နေ့သို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လာရောက်လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်း ဖြစ်ပါတယ်။

မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့် တင်သွင်းသွားသော **"ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို ပြည်သူလူထု မနစ်နာစေရေးအတွက် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်အစိုးရသို့ တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်)**

**အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းနောင့် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့် / မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းနောင့်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့်က တင်သွင်းတဲ့အဆိုကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် (သောကြာနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ (၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ (၂၁.၉.၂၀၁၈)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ **" ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်များကို ပြည်သူလူထုမနစ်နာစေရေးအတွက် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးပို့ထားပါတယ်။

ပထမဦးစွာ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ် အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် လေ့လာသူဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဖြစ်သူ ကျွန်တော် ဦးခိုင်ညီညီကျော်မှ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့် တင်သွင်းသော အဆိုနှင့်ပတ်သက်ပြီး အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတွင် လိုင်စင်မဲ့မော်တော်ယာဉ် များကို အများပြည်သူ ဝယ်ယူသုံးစွဲလာခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း (၂၀)ပေါင်း နီးပါး ကြာမြင့်လျက်ရှိပါပြီ။ လိုင်စင်မဲ့မော်တော်ယာဉ်များသည် နည်းလမ်းအမျိုးမျိုးနှင့် နိုင်ငံတွင်း ဝင်ရောက်လျက်ရှိသလို အဆိုပါ မော်တော်ယာဉ်များဝင်ရောက်မှုကို ဟန့်တားနိုင်ရန်မှာလည်း နိုင်ငံတော်မှ အခက်အခဲအများအပြားရှိနေတာကို လေ့လာသိရှိရပါတယ်။ လိုင်စင်မဲ့မော်တော်ယာဉ်များကို သုံးစွဲသူပြည်သူလူထုအား လေ့လာကြည့်ရာတွင် ဥပဒေနှင့် ညီညွတ်မှုမရှိသည်ကို သိရှိသော်လည်း ဝယ်ယူသုံးစွဲသူများသည် (၁) ဈေးနှုန်းသက်သာခြင်း၊ (၂) သွားလာရေး လွယ်ကူအဆင်ပြေခြင်း၊ (၃) ၎င်းယာဉ်ကို အမှီပြု၍ မိသားစုစားဝတ်နေရေး ဖြေရှင်းနိုင်ခြင်းဆိုတဲ့ အချက်တွေပေါ်မူတည်နေတာကို တွေ့ရှိရပါတယ်။ တရားဝင်နိုင်ငံတော်ကို အခွန်ထမ်းဆောင်၍ ဝယ်ယူမည်ဆိုပါက လက်ရှိကာလတန်ကြေးနှင့် တွက်ချက်နှိုင်းယှဉ်လျှင် (၅)စီးလျှင် (၁)စီး သို့မဟုတ် (၆)စီးလျှင် (၁)စီးစာလောက် ကွာဟချက်ကြီးမားနေသည်ကို တွေ့ရှိရသည့်အတွက် သက်သာသောနှုန်းထားဖြင့် ဝယ်ယူသုံးစွဲသော ဝင်ငွေနိမ့်ပါးသည့်

ပြည်သူဘက်ကကြည့်လျှင် လွန်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ယခင် တပ်မတော်အစိုးရ တာဝန်ယူစဉ်က လိုင်စင်မဲ့မော်တော်ယာဉ်များကို ပပျောက်စေရန်ရည်ရွယ်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နိုင်ငံတော်ပိုင်သိမ်းဆည်းခဲ့သည်ကို ပြန်လည်မှတ်မိကြမည် ထင်ပါတယ်။ ထိုစဉ်က တစ်နိုင်ငံလုံး လိုင်စင်မဲ့တော်ယာဉ်များကို သိမ်းဆည်းခဲ့သော်လည်း နိုင်ငံတော် အတွက်သော်လည်းကောင်း၊ ပြည်သူလူထုအတွက်သော်လည်းကောင်း သိသာထင်ရှားသော ရလဒ်များထွက်ပေါ်ခဲ့ခြင်း မရှိပါ။ မရှိမဲ့ ရှိမဲ့နှင့် ဝယ်ယူခဲ့ရသော ပြည်သူများ သာနစ်နာသူ များဖြစ်ခဲ့ရပြီး လိုင်စင်မဲ့မော်တော်ယာဉ်များမှာ ဝင်မြဲ၊ ဝင်ဆဲနှင့် ယခုဆိုလျှင်ပိုလို့ပင် တိုးပွား နေသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ လိုင်စင်မဲ့မော်တော်ယာဉ်များသည် လက်ရှိပြဋ္ဌာန်းထား သော အထူးကုန်စည်ဥပဒေအရ တရားမဝင်သလို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းလိုက်သည့် ပြည်ထောင်စုအခွန်အကောက် ဥပဒေ ပုဒ်မ ၂၂ အရ တရားမဝင် အထူးကုန်စည်လက်ဝယ်ထားရှိသူအား သတင်းပေး တိုင်တန်း၍ ဖမ်းဆီးရမိပါက သတင်းပေးသူကို (၂၀)ရာခိုင်နှုန်း၊ ဖမ်းဆီးသည့်အဖွဲ့အစည်းကို (၃၀)ရာခိုင်နှုန်းနှင့် နိုင်ငံတော်မှ ပြည်သူ့ဘဏ္ဍာအဖြစ် (၅၀) ရာခိုင်နှုန်းရရှိမယ်လို့ ပြဋ္ဌာန်း ထားတာကို တွေ့ရှိရတဲ့အတွက် ရိုးသားစွာလိုင်စင်မဲ့ မော်တော်ယာဉ်သုံးစွဲသူ ပြည်သူများ ကတော့ စိုးရိမ်ကြောင့်ကြစွာဖြင့် စိတ်မချမ်းမသာဖြစ်ခဲ့ရပါတယ်။ အဆိုပါ ဥပဒေဟာ ဥပဒေ နှင့်အညီ အခွန်ထမ်းဆောင်နေသော ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကို အကာအကွယ် ပေးနိုင်သော်လည်း ချွေးနဲ့စာဖြင့် လိုင်စင်မဲ့မော်တော်ယာဉ် ဝယ်ယူသုံးစွဲနေသည့် ပြည်သူများ အတွက်ကတော့ ကြီးလန့်စာစားဖြစ်နေသည်ဟု ကျွန်တော့်အနေနဲ့ ထင်မြင်မိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လိုင်စင်မဲ့မော်တော်ယာဉ်များ ကို သုံးစွဲသူပြည်သူများတွင်လည်း ရိုးရိုးသားသားဖြင့် သွားလာရေးနှင့် မိမိတို့၏ စီးပွားရေး အတွက် မဖြစ်မနေသုံးစွဲနေသော ပြည်သူများရှိသလို၊ ၎င်းယာဉ်ကို အကြောင်းပြု၍ ဥပဒေနှင့် ညီညွတ်မှုမရှိသော တရားမဝင်သစ်မှောင်ခိုကူးခြင်း၊ မူးယစ်ဆေးဝါးသယ်ယူ ဖြန့်ဖြူးခြင်းနှင့် မတော်တဆယာဉ်အန္တရာယ်ဖြစ်ပါက ယာဉ်ကိုထားရှိ၍ တိမ်းရှောင်ထွက်ပြေးခြင်းတို့ကြောင့် မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများသည်လည်း တရားဥပဒေစိုးမိုးမှုအတွက် စိန်ခေါ်မှု ရှိနေသည်ကို လေ့လာသိရှိရပြန်ပါတယ်။

အထက်ဖော်ပြပါ အကြောင်းအခြင်းအရာများကို ချိုင့်ထုံးသုံးသပ်ကြည့်မည်ဆိုပါက နိုင်ငံတော်အတွက်လည်း အခွန်ဆုံးရှုံးမှုမရှိစေရန်၊ ပြည်သူအတွက်လည်း မနစ်နာစေရန် စသော နည်းလမ်းများကို အသုံးပြုရန်မှာ ကျွန်တော်တို့ ဥပဒေပြုရေးမဏ္ဍိုင်တွင် ရောက်ရှိနေ သော လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ တာဝန်ဖြစ်နေသည်ကို ထင်ထင်ရှားရှား တွေ့ရှိ ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)အရ မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်

လွှတ်တော်များသည် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းခွင့်မရှိသော်လည်း ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေများကို ပြင်ဆင်ဖြည့်စွက်အကြံပြုရန် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ခွင့်ရှိသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ လက်ရှိတွင် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိပါက ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့် တရားရုံးများက အရေးယူ၍ အဆိုပါ မော်တော်ယာဉ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော်လည်း လက်တွေ့တွင် ၎င်းယာဉ်များမှာ အမိုးအကာမရှိသော နေရာများတွင် ထားရှိနေရသည့်အတွက် ပျက်စီးမှုများရှိနေသည်ကိုလည်း မျက်မြင်တွေ့ရှိရမှာ ဖြစ်ပါတယ်။

သက်ဆိုင်ရာအစိုးရထံသို့ စီမံခန့်ခွဲရန်အတွက် လွှဲပြောင်းပေးနိုင်ရန်မှာလည်းအကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေသည့်အတွက် ပိုမိုပျက်စီးလျက်ရှိပြီး နိုင်ငံတော်အတွက် အကျိုးမရှိသည်ကိုလည်း တွေ့ရှိရပါတယ်။ ၂၀၁၅ ခုနှစ်က ပြဋ္ဌာန်းထားသည့် မော်တော်ယာဉ်ဥပဒေတွင် မှတ်ပုံတင်ထားခြင်းမရှိသော ယာဉ်များကို အများပြည်သူ အသုံးပြုသည့်လမ်းများတွင် မောင်းနှင်ခြင်းမပြုရန် တားမြစ်ထားသည့် အခန်းကဏ္ဍများ၊ မော်တော်ယာဉ်မှတ်ပုံတင်ခြင်း အခန်းကဏ္ဍများ၊ ယာဉ်မောင်းလိုင်စင်ထုတ်ပေးနိုင်သည့် အခန်းကဏ္ဍများ၊ မော်တော်ယာဉ်တင်သွင်းခြင်းဆိုင်ရာ အခန်းကဏ္ဍများနှင့် ပြစ်မှုပြစ်ဒဏ်များကို ပြည့်ပြည့်စုံစုံ ဖော်ပြပြဋ္ဌာန်းထားသော်လည်း အဆိုပါ ဥပဒေ အခန်း(၁၄)အထွေထွေ၊ ပုဒ်မ ၇၆ တွင်“ **ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာဖြင့် မည်သည့်မော်တော်ယာဉ်ကိုမဆို သို့မဟုတ် မည်သည့်မော်တော်ယာဉ်အမျိုးအစားကိုမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအားလုံး သို့မဟုတ် တစ်ခုခုအကျိုးသက်ရောက်စေခြင်းမှ စည်းကမ်းချက်ထား၍ ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေကင်းလွတ်ခွင့်ပြုနိုင်သည်”** ဟု ပြဋ္ဌာန်းထားသည့်အတွက် လိုင်စင်မဲ့မော်တော်ယာဉ် သုံးစွဲသူပြည်သူများအတွက်တော့ အဆိုပါ ဥပဒေပုဒ်မသည် အားကိုးအားထားပြုနိုင်မည်ဟု ကျွန်တော့်အနေဖြင့် ယူဆမိ ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်သွင်းသွားသော အဆို၏ ရည်ရွယ်ချက်တွင်လည်း ပြည်သူလူထု မနစ်နာစေရေးအတွက် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ရန်ဟု တင်သွင်းသွားသည့် ယခုတင်ပြသည့် ဥပဒေပုဒ်မ ၇၆ အားအားကိုး၍ ပြည်ထောင်စုအစိုးရအား အကြံပြုမည်ဆိုပါက သင့်လျော်မည်ဟု ယူဆပါသောကြောင့် မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်တင်သွင်းသော **“ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို ပြည်သူလူထု မနစ်နာစေရေးအတွက် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အကြံပြုထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။**ဆက်လက်ပြီးလင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအောင်မျိုးကျော် က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ (၂၀.၉.၂၀၁၈) ရက်နေ့က မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင် တင်သွင်းသော **"ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို ပြည်သူလူထုမနစ်နာစေရေးအတွက် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရ သို့ တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လိုင်စင်မဲ့မော်တော်ယာဉ်များသည် နိုင်ငံခြားတွင် ထုတ်လုပ်သောယာဉ်များဖြစ်ပြီး ရှမ်းပြည်နယ်အတွင်းသို့ နယ်စပ်ဒေသအသီးသီးမှ နည်းလမ်းအမျိုးမျိုးဖြင့် ဝင်ရောက်လာသည်ကိုလေ့လာတွေ့ရှိရပါတယ်။ အဆိုပါတရားမဝင်ကူးသန်းရောင်းဝယ်မှုများသည် တရားဥပဒေစိုးမိုးမှု အားနည်းမှုကြောင့်လည်းကောင်း၊ စုပေါင်းစစ်ဆေးရေးဂိတ်မှ စိစစ်ဆောင်ရွက်မှု အားနည်းခြင်းကြောင့်လည်းကောင်း၊ ငွေရှင်ကြေးရှင်များ၏ လာဘ်ပေးမှုရှိခြင်းကြောင့်လည်းကောင်း၊ ရှမ်းပြည်နယ်အတွင်းသို့ တောရောမြို့ပါ မကျန် ဝင်ရောက်ပြန့်နှံ့လျက်ရှိနေပါတယ်။ အဆိုပါကားများသည် ပြည်သူများမှ လက်လှမ်းမီနိုင်သော ဈေးနှုန်းဖြစ်နေခြင်းကြောင့် ဥပဒေနှင့် ညီ / မညီ မသိရှိနားမလည်ဘဲ မိမိတို့အတွက် အသုံးပြုရန် လိုအပ်သည့်အတွက် ဝယ်ယူအသုံးပြုနေသည်ကို ထပ်မံလေ့လာသိရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ တင်ပြချက်မှာလည်း လိုင်စင်မဲ့မော်တော်ယာဉ် အသုံးပြုနေရခြင်းသည် ဝင်ငွေနည်းသော ပြည်သူလူထုများအတွက် ဈေးနှုန်းချိုသာစွာ ဝယ်ယူရခြင်း၊ လယ်ယာထွက်ကုန်ပစ္စည်း သယ်ဆောင်ရာတွင် လွယ်ကူလျှင်မြန်စေခြင်း၊ ကလေးများ ကျောင်းကြို/ ပို့ရာတွင်နှင့် သာရေးနာရေးကိစ္စများ ဆောင်ရွက်ရာတွင်လည်း အသုံးတည့်သည့်အတွက် ဝယ်ယူရခြင်းဖြစ်သည်ဟု ပါရှိပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဖက်တွင်လည်း လိုင်စင်မဲ့မော်တော်ယာဉ် အသုံးပြုသွားလာခြင်းကြောင့် ယာဉ်တိုက်မှုအန္တရာယ်ဖြစ်ပွားလျှင် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း စိစစ်နိုင်မှုမရှိနိုင်ခြင်း၊ ထိခိုက်နစ်နာရင်လည်း တရားဥပဒေလမ်းကြောင်းအရ ဖြေရှင်း ဆောင်ရွက်ရာတွင်လည်း အခက်အခဲရှိနိုင်ခြင်းနှင့် လုပ်ပိုင်ခွင့်ရဌာနများမှာလည်း အဂတိ လိုက်စားမှုများရှိနိုင်ခြင်း၊ တရားမဝင်ပစ္စည်းများ သယ်ဆောင်ရာတွင်လည်း ပစ္စည်းမဲ့၊ ယာဉ် ပိုင်ရှင်မဲ့ဖြစ်နိုင်ခြင်းနှင့် သက်ဆိုင်ရာဌာနတွင် ယာဉ်မှတ်ပုံတင်ထားရှိခြင်း မရှိသောကြောင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ဘဏ္ဍာများလည်း ဆုံးရှုံးနစ်နာခြင်းများစသည့် အားနည်းချက်များစွာ ရှိနေသည်ကို လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်းရှိ လိုင်စင်မဲ့မော်တော်ယာဉ်များကို ဒေသလိုင်စင် သို့မဟုတ် ယာဉ်မှတ်ပုံတင်များ ဆောင်ရွက်ပေးခြင်းအားဖြင့် ယာဉ်တိုက်မှုဖြစ်ပွားလျှင် တရားခံကို လိုက်လံရှာဖွေဖမ်းဆီးနိုင်ခြင်း၊ ပရဟိတလုပ်ငန်း၊ သာရေးနာရေးအသင်းများ အတွက် စေတနာရှင် သို့မဟုတ် အဖွဲ့အစည်းမှ မော်တော်ယာဉ်များ ပံ့ပိုးလှူဒါန်းကူညီမှု ကြောင့် အရေးပေါ်လူနာများ အသက်ဆုံးရှုံးမှုမရှိစေဘဲ လိုရာကိုအချိန်မီ ရောက်အောင် ပို့ဆောင်ပေးနိုင်ခြင်း၊ ကလေးများကျောင်းကြို/ ကျောင်းပို့ရာတွင် ဖယ်ရီကားအနေဖြင့် အသုံးပြုနိုင်ခြင်းကြောင့် အသက်မပြည့်သေးသောကလေးများ မော်တော်ဆိုင်ကယ်စီးပြီး ယာဉ်တိုက်မှု မဖြစ်ပွားအောင်လည်း ကာကွယ်ရာရောက်ခြင်း၊ လယ်ယာထွက်ကုန်များကို ဈေးကွက်တွင်းသို့အချိန်မီပို့ဆောင်ပေးနိုင်ခြင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန် ဘဏ္ဍာများကို ပိုမိုရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသောကြောင့် မိုင်းပန် မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့် တင်သွင်းသော **“ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်များကို ပြည်သူလူထု မနစ်နာစေရေးအတွက် အခြားနည်းလမ်းတစ်ရပ်ရပ် ဖြင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ရှမ်းပြည်နယ်အစိုးရ အား တိုက်တွန်းကြောင်း ”** အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေး တင်ပြအပ်ပါ သည်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့် တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက အကြံပြုထောက်ခံသွားတာရှိသလို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးကလည်းပဲ ထောက်ခံသွားတာ တွေ့ရှိရပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်

လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ ( င)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနောင့် တင်သွင်းသောအဆိုနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ရှင်းလင်းဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

အဆိုတွင်ပါရှိသော ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို မှတ်ပုံတင် နိုင်ရေးအပိုင်းနှင့်ပတ်သက်၍ ဦးစွာတင်ပြဆွေးနွေးလိုပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များကို ကနဦးမှတ်ပုံတင်ပေးခြင်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။ သဘော်ာ ဖြင့်သယ်ယူလျက် ဆိပ်ကမ်းမှတင်သွင်းခြင်းနှင့် ကုန်းလမ်းဖြင့်နယ်စပ်ဝင်ပေါက်များမှတင်သွင်း ခြင်း နှစ်ပိုင်းရှိပြီးတော့ အဲ့လိုမှတ်ပုံတင်ပေးရာမှာ

(၁) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော ယာဉ်တင်သွင်းခွင့်သွင်း ကုန်လိုင်စင် Import Licence ၊

(၂) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ သွင်းကုန် ကြေညာလွှာ Import Declaration ၊

(၃) အကောက်ခွန်ဖော်ပြချက် Custom Statement စာရွက်စာတမ်းမူရင်း နှင့်အတူ ဦးစီးဌာနသို့ လျှောက်ထားလာပါက မော်တော်ယာဉ် ကနဦး မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိုင်ငံအတွင်းသို့ တရားမဝင်ရောက်ရှိနေသည့်လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီး ရမိပါက ၂၀၁၂ ခုနှစ် ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးပို့ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဖမ်းဆီးရမိ လိုင်စင်မဲ့မော်တော် ယာဉ်များကို ဒဏ်ရိုက်အခွန်ဆောင်ပြီး တရားဝင်လိုင်စင်ထုတ်ပေးခြင်း မရှိပါ။ သို့သော်လည်း အကြောင်းအမျိုးမျိုးဖြင့် ပြည်တွင်းသို့ တရားမဝင်ရောက်ရှိနေသည့် ယာဉ်များကို စီးနင်း အသုံးပြုနေခြင်း၊ လိမ်လည်ရောင်းချမှုကြောင့် မသိနားမလည်သူများ လက်ဝယ်ရောက်ရှိနေ ခြင်းတို့ကြောင့် ဥပဒေနှင့်အညီ ဖြစ်စေရန်ရည်ရွယ်၍ (၃၀-၆-၂၀၁၀) ရက်နေ့တွင် ကျင်းပ သည့် ကုန်သွယ်မှုမူဝါဒကောင်စီအစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၀)မှ ယာဉ်ကာလ တန်ဖိုး ၏ (၈၅)ရာခိုင်နှုန်းကို ပေးဆောင်စေ၍ တရားဝင်ယာဉ်အဖြစ် မှတ်ပုံတင်ပေးခြင်းကို (၁)ကြိမ်

ဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ ကိုယ်စားလှယ်များအဖွဲ့ဝင်အဖြစ် ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စိစစ်ဆောင်ရွက်လျက် (၁၆-၇-၂၀၁၀) ရက်နေ့မှ (၂၂-၉-၂၀၁၀) ရက်နေ့အထိ ယာဉ်ပေါင်း (၆၂၂၆)စီး မှတ်ပုံတင်ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်မှ (၁၈၉၅)စီး ပါဝင်ခဲ့ပါတယ်။ (တောင်ပိုင်း (၁၉၅)စီး၊ မြောက်ပိုင်း (၁၆၆)စီးနှင့် အရှေ့ပိုင်း (၁၄၉၈)စီး)

ထိုသို့ တရားမဝင်ယာဉ်များကို တရားဝင်ဖြစ်စေရန် (၁)ကြိမ်ဆောင်ရွက်ပေးခဲ့ပြီးနောက် **"မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ"**ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာကိစ္စရပ်များအား စနစ်တကျ ခွင့်ပြုဆောင်ရွက်ပေးခဲ့ပါတယ်။ ယာဉ်အိုယာဉ်ဟောင်းများ လဲလှယ်ရေးအစီအစဉ်၊ တစ်ဦးချင်းအလိုက် သွင်းကုန်ပါမစ်ပေး၍ အရောင်းစင်တာ/ပြခန်းများ ဖွင့်လှစ်၍စသည်ဖြင့် တင်သွင်းခွင့်များ ခွင့်ပြုပေးခဲ့ပါတယ်။ ယခုအစိုးရအဖွဲ့လက်ထက် (၂၅-၄-၂၀၁၆)ရက်နေ့တွင် **"မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ"**ကို အသစ်ဖွဲ့စည်းတာဝန်ပေးကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်-

(က) ပြည်တွင်းရှိ ယာဉ်အိုဟောင်းများအား အစားထိုးလဲလှယ်ရေးစီမံချက်ဖြင့် ယာဉ်တင်သွင်းခွင့်ပြုခြင်း၊

(ခ) နိုင်ငံခြားငွေ တရားဝင်ရရှိသောသင်္ဘောသားများ၊ ပြည်ပတွင် အလုပ်လုပ်ကိုင်သူများ၊ ကုမ္ပဏီ/ လုပ်ငန်းအဖွဲ့အစည်းများကို ယာဉ်တင်သွင်း ခွင့်ပြု ခြင်း၊

(ဂ) မော်တော်ယာဉ်အရောင်းစင်တာ၊ အရောင်းပြခန်းများမှ တင်သွင်းရောင်းချခြင်းနည်းလမ်းများဖြင့် မော်တော်ယာဉ်များ ရွေးချယ်တင်သွင်းလာနိုင်ကြပြီး နိုင်ငံခြားကားကုမ္ပဏီများမှလည်း ဝန်ဆောင်မှုများတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လာကြပြီဖြစ်ပါတယ်။ ယာဉ်တင်သွင်းမှုအစီအစဉ်များ စတင်ခွင့်ပြုခဲ့သည့် (၁၉-၉-၂၀၁၀) မှ (၃၁-၇-၂၀၁၈) အထိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦး ယာဉ်မှတ်ပုံတင်ပေးခဲ့သော ယာဉ်စီးရေ စုစုပေါင်းမှာ (၈၉၈၉၀၇)စီး ဖြစ်ပါတယ်။

ထိုသို့ဖြေလျှော့မှုများဖြင့် တရားဝင်တင်သွင်းခွင့်ပြုထားသော်လည်း နယ်စပ်ဝင်ပေါက်များစွာမှ မြန်မာနိုင်ငံအတွင်းသို့ နည်းလမ်းမျိုးစုံဖြင့် တရားမဝင်တင်သွင်းနေကြသဖြင့် တရားမဝင်လိုင်စင်မဲ့ယာဉ်များလည်း ရှိနေဆဲဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးဖြင့် လိုင်စင်မဲ့

ယာဉ်အသုံးပြုနေကြသူ ပြည်သူများရှိနေသကဲ့သို့ တရားဝင်တင်သွင်းထားသည့် ယာဉ်ပိုင်ရှင်များလည်း မြောက်မြားစွာရှိနေပြီး ဥပဒေကို လေးစားလိုက်နာကြသည့် ပြည်သူ၊ တာဝန်သိပြည်သူများဖြစ်ကြပါတယ်။

လက်ရှိအခြေအနေတွင် လိုင်စင်မဲ့မော်တော်ယာဉ်များအား နည်းလမ်းတစ်မျိုးမျိုး သတ်မှတ်လျက် တရားဝင်လိုင်စင်ရရှိအောင် ဆောင်ရွက်ပေးမည်ဆိုပါက

(က) ဥပဒေကို လိုက်နာသော တရားဝင်တင်သွင်းလာသော ယာဉ်ပိုင်ရှင်များ နစ်နာမှုအရ မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်လာနိုင်ခြင်း၊

(ခ) ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိသော အရောင်းစင်တာများ၊ အရောင်းပြခန်းများ ထိခိုက်လာနိုင်သဖြင့် ကန့်ကွက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊

(ဂ) ပြည်တွင်းကားဈေးကွက် ကမောက်ကမ ဖြစ်နိုင်ခြင်း၊

(ဃ) တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျော်လွန် ဆောင်ရွက်ရမည့် အခြေအနေဖြစ်ခြင်း၊

(င) နောင်တွင်လည်း အလားတူထပ်မံ၍ ဖောက်ဖျက်ရန် အလေ့အထသဖွယ် ကျင့်သုံးလာမည်ဖြစ်ခြင်း၊

(စ) တရားမဝင်တင်သွင်းမှုကို အားပေးရာရောက်စေမည်ဖြစ်ခြင်း၊

(ဆ) နိုင်ငံတကာကျင့်သုံးနေသည့် စနစ်များနှင့် ဆန့်ကျင်နေမည်ဖြစ်ခြင်း၊

(ဇ) အိမ်နီးချင်းနိုင်ငံများမှ ခိုးယူလာသော ယာဉ်များဖြစ်ပါကလည်း ကန့်ကွက်ခြင်း၊ တားမြစ်ခြင်းတို့ကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် မလိုလားအပ်သော ကိစ္စများ ရှုပ်ထွေးလာနိုင်ခြင်း စသည့် မလိုလားအပ်သော အခြေအနေများ တွေ့ကြုံရင်ဆိုင်ရမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခွင့်ပြုဆောင်ရွက်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ မရှိပါသဖြင့် ရှမ်းပြည်နယ်အတွင်း တရားမဝင်ရောက်ရှိနေသည့် မော်တော်ယာဉ်များအား တရားဝင်မှတ်ပုံတင်ပေးခြင်းကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နိုင်ငံတော်မှ အထူးကိစ္စအဖြစ် သတ်မှတ်ဆောင်ရွက် ခွင့်ပြုမှသာလျှင် သတ်မှတ်ချက်များအတိုင်း တိကျစွာပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

အဆို၏ ဒုတိယပိုင်းဖြစ်သော အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ပြည်ထောင်စုအစိုးရသို့တင်ပြရန်ကိစ္စနှင့်ပတ်သက်၍ ပြည်သူအများ လက်ဝယ်၊ ဝယ်ယူပိုင်ဆိုင် အသုံးပြုနေကြသော တရားမဝင် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ တရားဝင်လိုင်စင် ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းစွာ ဖြေကြားခဲ့ပြီးလည်း ဖြစ်ပါတယ်။ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျော်လွန်ဆောင်ရွက်ရမည့် အခြေအနေအား ပြည်ထောင်စုအစိုးရသို့ တင်ပြရန် ဆောင်ရွက်ခြင်းမပြုသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

အကြောင်းအမျိုးမျိုးဖြင့် ပြည်တွင်းသို့ တရားမဝင်ရောက်ရှိနေသည့် ယာဉ်များကို စီးနင်းအသုံးပြုနေခြင်း၊ လိမ်လည်ရောင်းချမှုကြောင့် မသိနားမလည်သူများ လက်ဝယ်ရောက်ရှိနေခြင်းတို့ကြောင့် ဥပဒေနှင့်အညီဖြစ်စေရန် ရည်ရွယ်၍ လိုင်စင်မဲ့မော်တော်ယာဉ်များကို မှတ်ပုံတင်ပေးခြင်း တစ်ကြိမ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ခြင်း၊ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီဖြင့် မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာကိစ္စရပ်များအား စနစ်တကျခွင့်ပြုဆောင်ရွက်ပေးနေခြင်း၊ ဖြေလျှော့မှုများပြု၍ တရားဝင်တင်သွင်းနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခွင့်ပြုဆောင်ရွက်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများမရှိခြင်းတို့ကြောင့် ရှမ်းပြည်နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို မှတ်ပုံတင်နိုင်ရေး သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ပြည်ထောင်စုအစိုးရသို့ တင်ပြပေးရန် ဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့် တင်ပြပါ အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို မှတ်တမ်းတင်သင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသွားပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ (စ)နဲ့ (ဆ)အရ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းနောင်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။**အားလုံးမင်္ဂလာပါ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအဆိုတင်သွင်းရခြင်းဟာ မည်သည့်အဖွဲ့အစည်းကိုမှ ကိုယ်စားမပြုဘဲ ပြည်သူလူထုမနစ်နာစေရေးအတွက်သာ ရည်ရွယ်၍ တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဥပဒေပြုလွှတ်တော်မှ ပြည်သူ့ရဲ့အသံ၊ ပြည်သူ့ရဲ့ဆန္ဒ၊ ပြည်သူ ရဲ့ မျှော်လင့်ချက်တွေကို ဖော်ဆောင်တဲ့အခါမှာ ပြည်သူ့ရဲ့အရေးကို အလေးပေးဆောင်ရွက် ရမှာ

ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အဆိုကို အတည်ပြုသည်ဖြစ်စေ၊ မှတ်တမ်းတင်သည်ဖြစ်စေ အဓိက က မဲဆန္ဒရှင်ပြည်သူတို့ မနစ်နာစေဖို့ဘဲဖြစ်ပါတယ်။ ပြည်သူတို့ နစ်နာစေမဲ့ဖြစ်ရပ်မျိုး လုပ်ဆောင်မည်ဆိုပါက ကျွန်တော်သဘောရိုးနဲ့ ပြည်သူလူထုကိုယ်စား လုံးဝကန့်ကွက် ပါတယ် ခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူရဲ့ အားပေးမှုနဲ့ လွှတ်တော်အတွင်း ရောက်ရှိလာသော ပုဂ္ဂိုလ်များဖြစ်သောကြောင့် ပြည်သူလူထုအတွက် စဉ်းစားပေးစေလိုပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်မှ ပြည်ထောင်စုသို့တင်ပြရန်အတွက် အဆို ဖြစ်ပါသောကြောင့် ကျွန်တော်လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဒီနေရာမှာ အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်က ၎င်းရဲ့အဆို ကို အတည်ပြုပေးနိုင်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒခံယူလိုပါကြောင်း တင်ပြလာပါသဖြင့် ယင်းအဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇ (က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့်သာ ဆုံးဖြတ်ရမှာ ဖြစ်ပါ တယ်။ ဒီနေရာမှာ ဆန္ဒမဲပေးဖို့အတွက် စက်ခလုတ်ကို အသုံးပြုသည့် နည်းလမ်းကို ကျင့်သုံး သွားမှာ ဖြစ်ပါတယ်။ မနေ့က ကျွန်တော်တင်ပြတဲ့အတိုင်း ကျွန်တော်က ဆန္ဒမဲပေးနိုင်ကြ ပါပြီရယ်လို့ ကြေညာတဲ့အခါကျမှသာလျှင် စက်ခလုတ်ကို စတင်အသုံးပြုဖို့ သတိပြုစေလို ပါတယ်။ ဦးစိုင်းနောင့်တင်သွင်းသော အဆိုကို အတည်ပြုရန် သဘောတူပါက ထောက်ခံ ဆန္ဒမဲပေး၍ အဆိုကို အတည်ပြုရန် သဘောမတူပါက ကန့်ကွက်ဆန္ဒမဲပေးဖို့ ဖြစ်ပါတယ်။ ထောက်ခံမဲများပါက အဆိုသည် အတည်ဖြစ်ပြီး ကန့်ကွက်မဲများပါက အဆိုသည် ပြည်နယ် အဖွဲ့အစည်းဝင် မှတ်ချက်ပြုသည့်အတိုင်း မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။ စက်ဖွင့်လို့ရပြီ။

ယခု ဆန္ဒမဲပေးနိုင်ကြပါပြီ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ထောက်ခံမဲ (၅၃)မဲ၊ ကြားနေမဲ(၆)မဲ၊ ကန့်ကွက်မဲ (၅၈)မဲ၊ မဲမပေးတာ (၁)မဲ ဖြစ်ပါတယ်။ ကန့်ကွက်မဲများသည့်အတွက် အဆိုသည် ပြည်နယ်အဖွဲ့အစည်းဝင် မှတ်ချက်ပြုသည့်အတိုင်း မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။